မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၅ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၅**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

**အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း (National Transport Master Plan) တွင် ပါဝင်သော လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် **“အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ”** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) **အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

(၁) ပင်မစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းစီမံကိန်းများ၊ ဘဏ္ဍာရေးအရင်းအမြစ်များအား ဆန်းစစ်ခြင်း၊ ဦးစားပေးအဆင့် သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်မည့် ကာလအပိုင်းအခြားသတ်မှတ်ခြင်းများ ဆောင်ရွက်ရန်။

(၂) လုပ်ငန်းစီမံကိန်းများအား ဦးစားပေးအလိုက် အကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာငွေ ရရှိရေးအတွက် နိုင်ငံတော်ဘတ်ဂျက်တွင် နှစ်စဉ်ထည့်သွင်းပြဋ္ဌာန်းခြင်း၊ ပြည်ပမှချေးငွေ/ အကူအညီများရယူခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းတို့အား ဆုံးဖြတ်ဆောင်ရွက်ရန်။

(၃) ပင်မစီမံကိန်းတွင်ပါဝင်သည့် ပို့ဆောင်ရေးစကြံများအား ဦးစားပေးသတ်မှတ်ချက်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန်။

(၄) စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုများအား သုံးသပ်စစ်ဆေး၍ လိုအပ်ပါက မျှော်မှန်းချက်၊ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံကိန်းများအား အခြေအနေနှင့် အချိန်အခါအလိုက် ပြောင်းလဲချမှတ်ခြင်းများ ဆောင်ရွက်ရန်။

(၅) မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး၊ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍများအပါအဝင် ပို့ဆောင်ရေးကဏ္ဍတစ်ခုလုံး နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းလမ်းညွှန်မှုချမှတ်ခြင်းများဆောင်ရွက်ရန်။

(ဂ) **အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (၄) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၈) | မြို့တော်ဝန်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၉) | ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁၃) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(၁၄) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

(၁၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လမ်းဦးစီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တံတားဦးစီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၁၉) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့မီးရထား

(၂၀) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေး

(၂၁) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပို့ဆောင်ရေးဝန်ကြီးဌာန

(၂၂) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး (၁)
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(၂၃) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး (၂)
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃ) **အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

(၁) ပင်မစီမံကိန်းတွင်ပါဝင်သော စီမံကိန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် နှစ်ကာလသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီသို့အကြံပြုတင်ပြရန်။

(၂) စီမံကိန်းခန့်မှန်းကုန်ကျစရိတ်တွက်ချက်ခြင်း၊ ဘဏ္ဍာငွေရှာဖွေခြင်းနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီသို့ အကြံပြုတင်ပြရန်။

(၃) စီမံကိန်းတစ်ခုချင်းအလိုက်ဆောင်ရွက်ချက်များ တိုးတက်မှုအခြေအနေနှင့် အချက်အလက် များကို ဆွေးနွေးညှိနှိုင်းရန်။

(၄) အမျိုးသားပို့ဆောင်ရေးကဏ္ဍ၏ လက်ရှိအခြေခံအဆောက်အအုံနှင့် စွမ်းဆောင်နိုင်မှု အခြေအနေများအား စစ်တမ်းကောက်ယူခြင်းနှင့် သုံးသပ်ခြင်းများ ဆောင်ရွက်ရန်။

(၅) ပင်မစီမံကိန်းအပါအဝင် အခြားအရေးပါသည့် ပို့ဆောင်ရေးလုပ်ငန်းစီမံကိန်းများအား အကောင်အထည်ဖော်ရာတွင် ဆက်စပ်နေသည့် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများအပြင် ပြည်သူလူထုမှ ပိုမိုပူးပေါင်းပါဝင်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်။

(၆) သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် နည်းပညာတိုးမြှင့်အသုံးချရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ဆောင်စေရေးကို ကြိုးကြပ်ဆောင်ရွက်ရန်။

(ဂ) ဗဟိုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၂။ လုပ်ငန်းကော်မတီသည် အတွင်းရေးမှူးရုံးအဖွဲ့အား သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များအား တစ်ပါတည်းသတ်မှတ်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် (၂၃/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီအား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၈၅/၂၀၁၅

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )

## အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၅ အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းကို အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းခန့်အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးဝင်းခန့်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် ၁၈၆/၂၀၁၅**

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဆ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက် (Myanmar National Airlines Company Limited - MNA) အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ပို့ဆောင်ရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

**အထူးကုန်စည်ခွန်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **အထူးကုန်စည်ခွန်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အထူးကုန်စည်ခွန်ဥပဒေ (မူကြမ်း)

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အထူးကုန်စည်ခွန်ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်**ဆိုသည်မှာ ဤဥပဒေအရပေးဆောင်ရမည့်အထူးကုန်စည်ခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တပ်ရိုက်သည့်ဒဏ်ငွေလည်း ပါဝင်သည်။

(ခ) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဂ) **အထူးကုန်စည်**ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ကုန်စည်များကို ဆိုသည်။

(ဃ) **ထုတ်လုပ်မှု**ဆိုသည်မှာ အထူးကုန်စည်ကို မိမိပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအားအပ်နှံ၍ဖြစ်စေ ထုတ်လုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝနည်းဖြင့်ဖြစ်စေ၊ ဖန်တီးပြုပြင်သည့်နည်းဖြင့်ဖြစ်စေ ကုန်စည်များထုတ်လုပ်သည့်လုပ်ငန်းအဆင့်ဆင့်တို့ ပါဝင်သည့်အပြင် အောက်ပါတို့လည်းပါဝင်သည် -

(၁) **အရက်၊ ဘီယာ၊ ဝိုင်အပါအဝင်** အဖျော်ယမကာထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဝယ်ယူသူ၏တောင်းဆိုချက်အရ ရောစပ်ပြုပြင်ခြင်းမှတစ်ပါး ပေါင်းခံခြင်း၊ သန့်စင်ရန်နှင့် အနံ့အရသာဖြည့်စွက်ရန် ထပ်မံပေါင်းခံခြင်း၊ အချဉ်ဖောက်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သောက်သုံးရန် ယမကာအဆင့်အတွက်လိုအပ်သည့် ပစ္စည်းများဖြည့်စွက်ခြင်းနှင့်အခြားနည်း ပြုပြင်ခြင်း။

(၂) ဆေးရွက်ကြီးနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဆေးရွက်ကြီးအရွက် သို့မဟုတ် ဆေးရွက်ကြီး ကုန်ကြမ်းမှ သောက်သုံးရန်၊ ရှူရှိုက်ရန်၊ ဝါးရန် သင့်လျော်သည်အထိ ပြုပြင်ပြောင်းလဲသည့် ဖြစ်စဉ်နှင့် ဆေးရွက်ကြီးမှ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်နှင့် အလားတူပစ္စည်းများ ပြုလုပ်ခြင်း၊

(၃) အခြားအထူးကုန်စည်များနှင့် သက်ဆိုင်သည့်ကိစ္စ၌ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် အရည်အသွေးကိုလည်းကောင်း၊ သဘာဝ၊ အရွယ်အစား၊ ပုံပန်းသဏ္ဍာန်၊ ပေါင်းစပ်ဖွဲ့စည်းမှုကိုလည်းကောင်း ပြောင်းလဲခြင်းနှင့် အစိတ်အပိုင်းတစ်ခု သို့မဟုတ် အစိတ်အပိုင်းများ စုစည်းခြင်း။

(င) **ထုတ်လုပ်သူ**ဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအားအပ်နှံ၍ဖြစ်စေ ထုတ်လုပ်သူကို ဆိုသည်။

(စ) **တင်သွင်းသူ**ဆိုသည်မှာ အခွန်ကျသင့်ရန် သတ်မှတ်ထားသော အထူးကုန်စည်များကို ပြည်ပမှ တင်သွင်းသူကို ဆိုသည်။

(ဆ) **ရောင်းချခြင်း**ဆိုသည်မှာ အထူးကုန်စည်ကို လက်ငင်းစနစ်ဖြင့်ဖြစ်စေ၊ အကြွေးစနစ်ဖြင့်ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းကို ဆိုသည်။

(ဇ) **အထူးကုန်စည်ပိုင်ရှင်**ဆိုသည်မှာ အထူးကုန်စည်ကိုပိုင်ဆိုင်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် အထူးကုန်စည်၏ပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူက လွှဲအပ်သည့်အထူးကုန်စည်ကို စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိသော ကိုယ်စားလှယ် သို့မဟုတ် အထူးကုန်စည်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူလည်း ပါဝင်သည်။

(ဈ) **ခရီးသွားသူ**ဆိုသည်မှာ ပြည်ပခရီးစဉ်ဆိုင်ရာ သွားလာမှု အထောက်အထားများ ကိုင်ဆောင်ထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိုက်ရိုက်ခရီးသွားလက်မှတ်ကိုင်ဆောင်၍ ခရီးစဉ်အရ တစ်ထောက်နားခရီးအဖြစ် ရောက်ရှိပြီး အခြားနိုင်ငံတစ်ခုခုသို့ ဆက်လက်ထွက်ခွာမည့်သူလည်း ပါဝင်သည်။

(ည) **ကုန်းပေါ်ရောက်တန်ဖိုး**ဆိုသည်မှာ ပြည်ပမှတင်သွင်းသော အထူးကုန်စည်အတွက် အကောက်ခွန်ဥပဒေအရ သတ်မှတ်သည့်တန်ဖိုး၊ ယင်းကုန်စည်အပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ပါဝင်သောငွေကို ဆိုသည်။

(ဋ) **အခွန်လွတ်အရောင်းဆိုင်**ဆိုသည်မှာ အထူးကုန်စည်များကို ခရီးသွားသူများအား ရောင်းချရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိထားသည့် အရောင်းဆိုင်ကို ဆိုသည်။

(ဌ) **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး**ဆိုသည်မှာ ဤဥပဒေအရ ကျသင့်သည့်အခွန်မပါသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ရောင်းဈေးတန်ဖိုးကို ဆိုသည်။

(ဍ) **ဈေးကွက်ပေါက်ဈေး**ဆိုသည်မှာ ရောင်းသူဝယ်သူတို့အကြား ဈေးနှုန်းထိန်းချုပ်ထားခြင်းမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားတို့က အဆုံးအဖြတ်ပြုသည့် လက်လီရောင်းဈေး သို့မဟုတ် လက်လီရောင်းဈေးသတ်မှတ်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များအတွက် သတ်မှတ်ချက်နှင့်အညီတွက်ချက်ရရှိသည့် ခန့်မှန်းရောင်းဈေးကို ဆိုသည်။

(ဎ) **ကြေညာလွှာ**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက မိမိ၏ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များထုတ်လုပ်ရောင်းချခြင်းအတွက် တင်သွင်းသော ပုံစံကို ဆိုသည်။

(ဏ) **စည်းကြပ်ခြင်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းကိုယ်တိုင်က တွက်ချက်အခွန်ပေးဆောင်ပြီး၊ ကြေညာလွှာတင်သွင်းစည်းကြပ်မှု ခံယူခြင်းလည်း ပါဝင်သည်။

(တ) **နှစ်**ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ဓ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **မြို့နယ်အခွန်ဦးစီးဌာနမှူး**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းကပေးဆောင်ရမည့်အခွန်ကို ကောက်ခံပေးရန် တာဝန်ပေးထားသည့်သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသည့် ဦးစီးအရာရှိများလည်း ပါဝင်သည်။

## အခန်း (၂)
## အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်း

၄။ (က) မည်သူဆိုအောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဤဥပဒေ၏ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်။

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၂) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

(၃) အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ခြင်း။

(ခ) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို လက်ဝယ်ထားရှိသူ သို့မဟုတ် ပိုင်ဆိုင်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၅။ ဥပဒေပုဒ်မ ၄ အရ အခွန်ကျသင့်သည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ -

(က) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက -

(၁) အထူးကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့်နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့် အတူကောက်ခံပေးရမည်။

(ခ) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို ထုတ်လုပ်သူက ပေးဆောင်ရမည်။

(ဂ) ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို တင်ပို့သူက ပေးဆောင်ရမည်။

၆။ (က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် -

(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(၂) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) အခွန်ပေးဆောင်ခြင်းမရှိသေးသော ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ပိုင်ဆိုင်ထားသည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ရောင်းဈေးတန်ဖိုးသတ်မှတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အခွန်ထမ်းကလိုအပ်သည့် သတင်းအချက်အလက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးကလည်း ထိုသတင်းအချက်အလက်များကို တောင်းယူရမည်။

၇။ (က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခုအပေါ် အခြေပြု သတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည် -

(၁) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည် ထုတ်လုပ်သည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

(ခ) အထူးကုန်စည် ရောင်းဈေးတန်ဖိုးတွက်ချက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်အတည်ပြုထားသည့် ဈေးကွက်ပေါက်ဈေးကို အခြေခံရမည်။

(၂) ပြည်ပမှတင်သွင်းသည့်အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ် အခြေခံရမည်။

၈။ (က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့် အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည် -

(၁) အထူးကုန်စည်ကို ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကိုရွေးယူခြင်းမပြုမီပေးဆောင်ရမည်။

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည်ကို ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ အတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၃)
## အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၉။ (က) အောက်ဖော်ပြပါ အထူးကုန်စည်များအတွက် အခွန်မကျသင့်စေရ -

(၁) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့တင်ပို့သော အထူးကုန်စည်များ၊

(၂) ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊

(၃) ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊

(၄) ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ယာယီတင်သွင်းသော အထူးကုန်စည်များ၊

(၅) ပြည်တွင်း ပြည်ပ အလှူရှင်များမှ ပြည်တွင်း၌လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊

(၆) အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် သံတမန်ဆိုင်ရာ ကွန်ဗင်းရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊

(၇) ပြည်ပသို့ ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည် တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါကိစ္စရပ်များအတွက် အခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း ပြုနိုင်သည် -

(၁) ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့အထောက်အပံ့အဖြစ် ပေးအပ်သောအထူးကုန်စည်များ သို့မဟုတ် အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသည့် အထူးကုန်စည်များ၊

(၂) ဘာသာရေး၊ ကုသိုလ်ရေးသက်သက်အတွက် အသုံးပြုရန် တင်သွင်းလာသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊

(၃) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အခွင့်အရေးမူတွင် ပါဝင်သည့်အထူးကုန်စည်များ၊

(၄) နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေး အဖွဲ့အစည်းများ အသုံးပြုရန်တင်သွင်းလာသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ။

၁၀။ အောက်ဖော်ပြပါကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(၁) ပြန်လည်တင်ပို့ခြင်း အစီအစဉ်ဖြင့် ပြည်ပမှ ယာယီအားဖြင့် တင်သွင်းလာသည့် အထူးကုန်စည်များ ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊

(၂) အခွန်ပြန်အမ်းငွေ ထုတ်ပေးခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ။

၁၁။ အထူးကုန်စည် ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့်အခွန်မှ ယင်းအထူးကုန်စည်ကို ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှဝယ်ယူသော ကုန်ကြမ်းများ၊ တစ်ပိုင်းတစ်စကုန်စည်များတင်သွင်းစဉ် သို့မဟုတ် ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်နိုင်သည်။ အထူးကုန်စည်ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်း၍ အခွန် တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို မိမိဦးစီးဌာနဝန်ထမ်းများအား တာဝန်ခွဲဝေပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်သည် -

(က) အထူးကုန်စည်၏ ဈေးကွက်ပေါက်ဈေး သတ်မှတ်ခြင်းနှင့် ယင်းဈေးကွက်ပေါက်ဈေးကို အခြေပြု၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ခန့်မှန်းရောင်းဈေးသတ်မှတ်ခြင်း၊

(ခ) သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်ရန်အခက်အခဲရှိသည့်ကိစ္စရပ်များအတွက် အခွန်ပေးဆောင် ရမည့် နည်းလမ်းသတ်မှတ်ခြင်း၊ အခွန်ပေးဆောင်ရမည့် နေ့ရက်တိုးမြှင့်သတ်မှတ်ခြင်း၊

(ဂ) လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ဃ) ပုံစံများ သတ်မှတ်ပေးခြင်း၊

(င) လုပ်ငန်းဥပစာနေရာများ၊ အထူးကုန်စည်များနှင့် မှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခြင်း၊

(စ) အထူးကုန်စည်များရွှေ့ပြောင်းခြင်းကို စစ်ဆေးခြင်းနှင့် ကန့်သတ်ခြင်း၊

(ဆ) အထူးကုန်စည်များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ဇ) နမူနာပစ္စည်းများရယူ၍ ကိုင်တွယ်ဖြေရှင်းခြင်း။

## အခန်း (၅)
## မှတ်ပုံတင်ခြင်း

၁၃။ (က) အထူးကုန်စည် ထုတ်လုပ်သူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးထံတွင် မှတ်ပုံတင်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်သူထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် အကြောင်းကြားစာ ပေးပို့အကြောင်းကြားနိုင်သည်။

(ဂ) သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။

## အခန်း (၆)
## ကြေညာလွှာ တင်သွင်းခြင်း

၁၄။ (က) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူသည် အထူးကုန်စည်ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကျသင့်အခွန်ကိုပေးဆောင်ရမည့်အပြင် ယင်းလအတွက် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်း ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သော အထူးကုန်စည်ထုတ်လုပ်သူမည်သူ့ကိုမဆို အထူးကုန်စည်များ ထုတ်လုပ်နေသည်ဟု ယူဆရန် အကြောင်းရှိလျှင် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းအတွက် ကျသင့်အခွန်ပေးဆောင်စေရန်နှင့်ကြေညာလွှာကို ပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပမှတင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

## အခန်း (၇)
## စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း

၁၅။ (က) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ မှန်ကန်ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ အခွန်စည်းကြပ်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်ခြင်း ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးပို့လာသည့် ကြေညာလွှာပါအချက်အလက်များမှ အထူးကုန်စည်ထုတ်လုပ်ရောင်းချမှုပမာဏကို မှန်ကန်စွာမရရှိနိုင်ဟုယုံကြည်ရန်အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံအထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ်နိုင်သည်။

(ဂ) အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန်ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အထူးကုန်စည်ထုတ်လုပ်ရောင်းချသည့်လ ကုန်ဆုံးပြီး တစ်လအတွင်း အထူးကုန်စည်ထုတ်လုပ်သူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့ကိုမဆိုခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက်တောင်းခံခြင်း ပြုနိုင်သည်။

၁၆။ ပေးဆောင်ထားသော အခွန်သည် အမှန်ပေးဆောင်ရမည့် ငွေထက်ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင်သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

## အခန်း (၈)

## ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း

၁၇။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါအကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပြန်လည်စည်းကြပ်ခြင်း ပြုလုပ်နိုင်သည် -

(၁) အခွန်ပေးဆောင်ထိုက်လျက် လွတ်ကင်းနေခြင်း၊

(၂) အခွန်လျော့နည်းစည်းကြပ်ခဲ့ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

၁၈။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မိမိဆောင်ရွက်ခဲ့သည့် စည်းကြပ်မှုနှင့်စပ်လျဉ်း၍ မှတ်တမ်း၌ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကိုတွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်းကတင်ပြလျှင် ဖြစ်စေ ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည်ပြင်ဆင်နိုင်သည်။

(ခ) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သည် မိမိဆောင်ရွက်သည့် အယူခံမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကိုတွေ့ရှိလျှင်ဖြစ်စေ၊ အယူခံသူကတင်ပြလျှင်ဖြစ်စေ အယူခံအမိန့် ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်ဆင်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုး သက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ တွက်ချက်ရမည့်အပြင် အခွန်ကို တိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျော့နည်းစေသည့် ပြင်ဆင်ချက်ပြုလုပ်ရန်ဖြစ်လျှင် အခွန်ထမ်း သို့မဟုတ် အယူခံသူကို ဖြေရှင်းခွင့်ပေးရမည်။

## အခန်း (၉)

## အယူခံခြင်း

၁၉။ (က) အခွန်ထမ်းက မကျေနပ်လျှင် အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများထံ အယူခံဝင်နိုင်သည်-

(၁) မြို့နယ်အခွန်ဦးစီးဌာနမှူးက စည်းကြပ်ခြင်းပြုသည့် အခွန်ကျပ် **၁၀ သိန်း**ထက်ပိုလျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၊

(၂) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်ဖြစ်ပြီး အခွန်ကျပ်**သိန်း ၁၀၀** ထက်ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာပြဿနာနှင့် သက်ဆိုင်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

(ခ) အခွန်ထမ်းသည် -

(၁) မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမဆို မကျေနပ်လျှင် သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။

(၂) မြို့နယ်အခွန်ဦးစီးဌာနမှူးက ထုတ်ပေးသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်းသုံးဆယ်အတွင်း အယူခံလွှာတင်သွင်းရမည်။

(ဂ) အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးကချမှတ်သည့် အမိန့်ကိုမကျေနပ်လျှင် ယင်းမကျေနပ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်း အယူခံလွှာတင်သွင်းရမည်။

(ဃ) အယူခံဝင်ရောက်ခြင်းနှင့်စပ်လျဉ်း၍ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါ ကာလများကို နုတ်ပယ်ရမည် -

(၁) အယူခံဝင်လိုသည့် အမိန့်မိတ္တူကူးရန် လိုအပ်သည့်ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့်တောင်းခံရယူသည့်ကာလ။

(င) ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ကာလစည်းကမ်းသတ်ကို လုံလောက်သော အကြောင်းရှိလျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လျှော့ပေါ့၍ လက်ခံနိုင်သည်။

(စ) အယူခံဝင်လိုသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ပြီးမှသာ အယူခံခွင့်ရှိသည်-

(၁) ပေးဆောင်ရမည့်အခွန်ကို အကျေပေးသွင်းခြင်း၊

(၂) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီး ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံးဌာနမှူးထံ စည်းကြပ်အခွန်၏ ငါးဆယ်ရာခိုင်နှုန်းပေးသွင်းလျက် အယူခံခွင့်ပြုရန် လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(ဆ) သက်ဆိုင်ရာအယူခံရုံးသည် အယူခံမှုကို ဆုံးဖြတ်ရာ၌ အယူခံသူအား ပြောရေးဆိုခွင့် ပေးပြီးနောက် သင့်လျော်သော အမိန့်ကိုချမှတ်နိုင်သည်။

(ဇ) အခွန်သည် ကျပ် **၁၀ သိန်းထက်မပိုလျှင်** မြို့နယ်အခွန်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်သည် လည်းကောင်း၊ အခွန်သည် **ကျပ်သိန်း ၁၀၀ ထက်မပိုလျှင်** ပြည်ထောင်စုနယ်မြေ အခွန်ဦးစီး ဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် **ကျပ်သိန်း ၁၀၀ အထက်ဖြစ်ပြီး** ဥပဒေရေးရာ ပြဿနာမပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ် ဖြစ်စေရမည်။

(ဈ) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက်တစ်ခုခု ပေါ်ပေါက်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အယူခံသူက ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးကဖြစ်စေ အခွန်အယူခံခုံအဖွဲ့၏ အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ယင်းအဖွဲ့ထံသို့ အဆိုပြုနိုင်သည်။

(ည) ပုဒ်မခွဲ (ဈ) အရ အဆိုပြုချက်ကို အခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်ခြင်း ခံရသူက ငြင်းပယ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၀။ မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုသူကို သက်ဆိုင်ရာ ပျက်ကွက်မှုတစ်မျိုးစီအတွက် အောက်ဖော်ပြပါအတိုင်း ဒဏ်ငွေအဖြစ်ပေးဆောင်စေခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုနိုင်သည် -

(က) သက်ဆိုင်ရာနှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(ခ) ဈေးကွက်ပေါက်ဈေး သတ်မှတ်ပေးနိုင်ရေးအတွက် ဤဥပဒေအရ တောင်းခံသည့် သတင်း အချက်အလက်များ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(ဂ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် ယင်းကုန်စည် တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊

(ဃ) ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်ခြင်း အတွက် ပေးဆောင်ရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(င) ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် သက်ဆိုင်ရာလအတွက် ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(စ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ် တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့် အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။

၂၁။ (က) မည်သူမဆို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် အထူးကုန်စည်နှင့်သက်ဆိုင်သည့် အချက်အလက်များကို ထိမ်ချန်ကြောင်းတွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်းတွင် အပြည့်အစုံ ထုတ်ဖော်ခွင့်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသောကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင် ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ထုတ်လုပ်မှုပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်းထုတ်ဖော်လျှင် ပုဒ်မခွဲ (ခ) ပါ အခွန်နှင့် ဒဏ်ငွေနှစ်ရပ်စလုံးကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။

၂၂။ ပုဒ်မ ၂၁ (က) အရ ထုတ်ဖော်ခွင့်ရရှိသူသည် တရားစွဲဆိုခံရပြီး ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန်ပျက်ကွက်ကြောင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်းထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ (က) မည်သူမဆိုလိမ်လည်လှည့်ဖြားလိုသောရည်ရွယ်ချက်ဖြင့် အထူးကုန်စည်ထုတ်လုပ်မှုပမာဏနှင့် သက်ဆိုင်သည့် မမှန်မကန်သောကြေညာလွှာကို တမင်သက်သက်ပေးပို့ကြောင်း မမှန်မကန်သော သို့မဟုတ် မမှန်မကန်ဟု မိမိသိရှိ ယုံကြည်သောအထောက်အထားများကို တင်ပြကြောင်းတွေ့ရှိလျှင် ကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသောဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ ပြစ်မှုကိုကျူးလွန်ကြောင်း တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည် -

(က) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်ဖြစ်စေ အလွဲသုံးစားပြုလုပ်ခြင်း၊

(ခ) လုံလောက်သောအကြောင်းမရှိဘဲ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဟန့်တားခြင်း။

၂၅။ မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ လာဘ်ပေးလာဘ်ယူပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူကို ပြစ်မှုဆိုင်ရာဥပဒေအရဖြစ်စေ၊ ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုရမည်။

## အခန်း (၁၁)
## အရကောက်ခံခြင်း

၂၆။ ဤဥပဒေအရပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့်နည်းလမ်းများနှင့်အညီ ပေးဆောင်ခြင်းမပြုလျှင် -

(က) အခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း၊ ပေးဆောင်ရန်ပျက်ကွက်သည့်အခွန်ငွေကိုအခွန် မပြေကျန်ငွေအဖြစ်လည်းကောင်း မှတ်ယူရမည်။

(ခ) အခွန်ထမ်းထံမှ အခွန်မပြေကျန်ငွေကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

## အခန်း (၁၂)
## ထပ်ဖြည့်လုပ်ပိုင်ခွင့်များ

၂၇။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ် အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သည် ဤဥပဒေပါကိစ္စရပ်များနှင့်သက်ဆိုင်သည့် လိုအပ်သောသတင်းအချက်အလက်ရှိသူတိုင်းကို ယင်းသတင်းအချက်အလက်တို့ပေးပို့စေရန် တောင်းဆို နိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၇ အရ သတင်းအချက်အလက်များတင်ပြရန် ပျက်ကွက်လျှင် ထိုသူအား ၁၅ ရက်အထိ အချိန်ထပ်မံတိုးမြှင့်ပေးနိုင်သည် -

(က) ယင်းသို့ တိုးမြှင့်ပေးသော အချိန်အတွင်းတင်ပြရန် ဆက်လက်ပျက်ကွက်ပါက ထိုသူအား တရားမ ကျင့်ထုံးဥပဒေနှင့်အညီ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့ကကျင့်သုံးဆောင်ရွက်လျက်မည်သည့်အကြောင်းကြောင့် ပျက်ကွက်ကြောင်းကိုစိစစ်ဆေးနိုင်သည်။ ပျက်ကွက်ရသည့်အကြောင်းမှာ ထိုသူ၏ ပယောဂမပါဘဲ သက်ဆိုင်ရာစာရွက်စာတမ်းများပျောက်ပျက်ခြင်းကြောင့် ဖြစ်ပါက ယင်းအား မှတ်မိသမျှ ကတိသစ္စာပြုလုပ်တင်သွင်းရန် ခွင့်ပြုနိုင်သည်။

(ခ) လုံလောက်သောအကြောင်းမရှိဘဲ ထိုသူက တင်ပြရန်ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့ကတွေ့ရှိလျှင် ယင်းအား တရားစွဲဆိုနိုင်သည်။

၂၉။ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုခံရပြီး သတင်းအချက်အလက်တင်ပြရန် လုံလောက်သောအကြောင်းမရှိဘဲတင်ပြရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည်။

၃၀။ ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ် လွှဲအပ်တာဝန်ပေးခြင်းခံရသူသည် -

(က) ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများ၊ လုပ်ငန်းဥပစာနေရာများ၊ အဆောက်အဦများအားလုံးကို ဝင်ရောက်ခွင့်၊ လွတ်လပ်စွာအပြည့်အဝ ဆောင်ရွက်နိုင်ခွင့်တို့ရှိသည့်အပြင် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည် -

(၁) အဆိုပါစာရင်းစာအုပ်များ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများကို ကောက်နုတ်ချက်များထုတ်ယူခွင့်နှင့် မိတ္တူများကူးယူနိုင်ခွင့်၊

(၂) ဥပစာအတွင်း၌ရှိသောကုန်စည်များ၊ ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့်ကွန်တိန်နာများ အားလုံးကို မှတ်တမ်းတင်ခြင်း၊ ရေတွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(၃) ထိုသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများအပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ်အသားများရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများကူးယူခွင့်၊

(ခ) အခွန်ကျသင့်သည့် အထူးကုန်စည်များထားရှိသော သိုလှောင်ရုံတစ်ခုခုမှ ထွက်ခွာလုဆဲဆဲ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရပ်တန့်ရန် တောင်းဆိုနိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သည့်အမှုကိစ္စတစ်ခုခုအတွက် ဟန့်တားခြင်း၊ ငြင်းပယ်ခြင်းပြုမည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်းတောင်းခံဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ အမြန်ဆုံးအစီရင်ခံတင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်သော ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ပိုင်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦးရှေ့မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများသိမ်းဆည်းခြင်းဖြစ်လျှင် လက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးရမည့်အပြင် ယင်းတို့ကို စစ်ဆေးရန် လိုအပ်သည့်ကာလအထိသာ လက်ဝယ်ထားရှိရမည်။

၃၁။ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာအတွင်းသို့ ဝင်ရောက်မှုအတွက် အခွင့်အာဏာရှိကြောင်း သက်သေခံတစ်ရပ်ကို ထိုနေရာတွင်လက်ရှိနေထိုင်သူက တောင်းဆိုသည့်အခါ ပုဒ်မ ၁၂ အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အခွင့်အာဏာပေးခြင်းခံရသူဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က စာဖြင့် ရေးသားလက်မှတ်ရေးထိုးထားသည့် စာသက်သေခံတစ်ရပ်ကို ထုတ်ဖော်ပြသခြင်းမပြုနိုင်လျှင် အဆိုပါ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာတစ်စုံတစ်ရာသို့ဝင်ရောက်ရန် သို့မဟုတ် ဆက်လက်တည်ရှိရန် အခွင့်မရှိစေရ။

## အခန်း (၁၃)

## အထွေထွေ

၃၂။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့်အခွန်ကို ပေးဆောင်ရန် စီမံပြီးကြောင်း သက်သေခံလက်မှတ်ကို ဤကိစ္စအတွက် ဝန်ကြီးဌာနက တာဝန်လွှဲအပ်သောအဖွဲ့ထံမှ မရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ။

သို့ရာတွင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခြွင်းချက်ပြုနိုင်သည်။

၃၃။ အထူးကုန်စည်များ ပြည်ပမှ တင်သွင်းခြင်းအတွက် ကောက်ခံရငွေမှအပဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အခွန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

၃၄။ ဝန်ကြီးဌာနသည် -

(က) အခွန်ကျသင့်သော အထူးကုန်စည်များအနက် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရမည့် သို့မဟုတ် အခြားနည်းလမ်းကျင့်သုံးစေရမည့် အထူးကုန်စည်များကို သတ်မှတ်နိုင်သည်။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်း၊ အခြားနည်းလမ်းကျင့်သုံးစေခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(ဂ) အထူးကုန်စည်ခံဝန်ချုပ်ဖြင့် အထူးကုန်စည်များ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၅။ ၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည် -

(က) နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမိန့်ကြော်ငြာစာများ၊ အမိန့်များ ထုတ်ပြန်နိုင်သည်။

(ဂ) ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ညွှန်ကြားရေးမှူးချုပ်အား ထုတ်ပြန်စေနိုင်သည်။

## ဇယား

## အထူးကုန်စည်ခွန် ကျသင့်သည့် အထူးကုန်စည်များ

အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့်အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ညွှန်ကြားရေးမှူးချုပ်က ခန့်မှန်းသတ်မှတ်သည့်ရောင်းဈေးတန်ဖိုး ယင်းတန်ဖိုးနှစ်ရပ်အနက်များရာ တန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်-

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ် ၃၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၃၀၁ ကျပ်မှ ကျပ် ၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (င) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (စ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၃၀၀၁ ကျပ်နှင့် အထက်ဖြစ်လျှင် | တန်ဖိုး၏ % |
| | (ဆ) စီးကရက်အမျိုးမျိုး(ပြည်ပမှတင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၂။ | ဆေးရွက်ကြီး။ | | % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | % |
| ၄။ | ဆေးပေ့ါလိပ်။ | | % |
| ၅။ | ဆေးပြင်းလိပ်။ | | % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၅၀၀ အထိဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၅၀၁ မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၁၀၀၁ မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၂၀၀၁ မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၃၀၀၁ မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၄၀၀၁ မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၅၀၀၁ မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၇၀၀၁ မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်နှင့်အထက် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ % |
| | (ည) အရက်အမျိုးမျိုး(ပြည်ပမှတင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၉။ | ဘီယာအမျိုးမျိုး။ | | % |
| ၁၀။ | ဝိုင်အမျိုးမျိုး။ | | % |
| ၁၁။ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ။ | | % |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | % |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | | % |
| ၁၄။ | Four Door Double Pickup မှအပ ၁၈၀၀ CC အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | % |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

## ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းကို | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မြင့် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဒု-ဥက္ကဋ္ဌ |
| (၃) | ဦးသိန်းရွှေ | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးခင်မောင်ဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးမောင်မောင်(၁) | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးမောင်မောင်(၂) | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးဝင်းမြင့် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးမြင့်လွင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၉) | ဒေါ်မြင့်မြင့်မေ | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၀) | ဦးအောင်ကျော်စိုး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၁၁) | ဦးမြင့်သိန်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်မင်းနိုင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၃) | ဦးအောင်ကျော်ထွန်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၄) | Dr.အောင်ကြည်ဆွေ | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၅) | ဦးငွေထွန်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၆) | ဦးအောင်မြင့်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးမောင်မောင်သင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစောဖရန့်စစ် | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးလှကွန်း(ခ)ဦးမြတ်သူ | ခေတ်သစ်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးညိုထွန်း | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | အဖွဲ့ဝင် |
| (၂၁) | ဦးအောင်မျိုးလှိုင် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးမြင့်ကြည် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးမြင့်သိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးစိုးလွင် | ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးစံသိန်း | ရခိုင်အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၂၆) | Dr.အောင်အောင်သန်းထိုက် | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၇) | ဦးစိုင်းကိုလေး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးစိုးမြင့် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | ဦးတင်ထွန်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၀) | ဦးအောင်ခ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၁) | ဦးသူထွန်းဝေ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၂) | ဦးထွန်းမင်းဇော် | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၃၃) | ဦးမြင့်နိုင် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီးရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲကာလများတွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကလည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကလည်းကောင်း တင်ပြလာသည့်အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီစေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်အညီဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) တင်ပြလာသောအငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန် ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ၏လမ်းညွှန်မှုကို ခံယူ၍ ဆောင်ရွက်ခြင်း၊

(င) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

၃။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၆) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) ပုသိမ်ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးရဲဖေ | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုးအောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးသန်းဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးကံမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအောင်မြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးကျော်ဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစိုးဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးမောင်တိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းကြာအုံ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးဉာဏ်သိန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်သူသူဖေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်မာလာသိန်းထွန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | Dr.မာမာဌေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မာလာဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးလှဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးတင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးသန်းထွန်း | တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးညီညီအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမန်းနေဝင်း | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးထွန်းမြိုင် | ရခိုင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၁) | ဦးတင်စိန် | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | အဖွဲ့ဝင် |
| (၂၂) | ဦးမောင်စန်း | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးကျော်လွင်ကြိုင် | တောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးမောင်အုန်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးစိန်သိန်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးရဲထက်အောင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးသိန်းဇော် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးသန်းထွေး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | ဦးဟန်သူရ | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၃၀) | ဦးဇော်နိုင်ဦး | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

**(ခ) ဖျာပုံခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအုန်းဟန် | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးဘဟိန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစန်းဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးရွှေသန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | Dr.ဒေါ်စိန်စိန် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစန်းအောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးမြင့်မောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးဌေးဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဒေါ်စိန်မာအေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးဇော်မင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးကံကောင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးနိုင်လင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဦးသိန်းမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးသန်းနိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးစိုးမင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးသက်တင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးဌေးညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအောင်ကျော်စိုး | တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
